တပိုကျေးရွာ
ပုလောမြို့နယ်၊
မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တပိုကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၇ပြည့်နှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	တဝိုကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ


ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၁၇ခုနှစ်၊ မတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တပိုကျေးရွာ
ပုလောမြို့နယ်


တဝိုကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	ပူပြင်းမိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာ နေပူ	ဆောင်းမိုးမရွာ နေပူ	ဆောင်းမိုးမရွာ	ပူပြင်း ခြောက်သွေ့	ပူပြင်း ခြောက်သွေ့	ပူပြင်း ခြောက်သွေ့	
အလုပ်အကိုင်	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	ဥယျာဉ်ကျောန်း	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျန်းမာရေး(ဖျားနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	ဓီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ



ဥစ္စာဓနအဆင့် သတ်မှတ်ချက်ပုံစံ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၂၉	၄၃	၂၀

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တပိုကျေးရွာသည် ဧရပ်ဆိပ်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၊၅၉မိနစ်၂၃စက္ကန့်နှင့် အရှေ့လောင် ဂျီတွဒ် ၉၈ဒီဂရီ ၃၉မိနစ်၊၂၅စက္ကန့်ကြားတွင် တပိုကျေးရွာ၏ အရှေ့ဘက်တွင် စက်တော်ရာကျေးရွာ၊ အနောက်ဘက်တွင် ဧရပ်ဆိပ်ကျေးရွာ၊တောင်ဘက်တွင် ဆယ်အိမ်စုကျေးရွာ၊ မြောက်ဘက်တွင် ကျောက္ကမ်းဖဲကျေးရွာ တို့နှင့် ထိစပ်လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တပိုကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၅၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၃၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ တပိုကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၀) လက်မဖြစ်ပြီး၊ အနိမ့်ဆုံး မိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါသည်။ တပိုကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များ အသင့်အတင့်ထွက်ရှိပါသည်။ သဘာဝ အပင်မျိုးစိတ်များ ဖြစ်သော (ရှောက်၊ဂျာမနီ၊ လောက်သေး၊ စေးချောက်)စသည့် ဆေးဖက်ဝင် အပင်များ ပေါက်ရောက်နေပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တပိုကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၇) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၅၄၄) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။ တပိုကျေးရွာတွင် ကျေးရွာ၏ ရပ်မိရပ်ဖအဖွဲ့၊ ဆယ်အိမ်ခေါင်း အဖွဲ့၊ကာလသား/သမီးအဖွဲ့၊ဂေါပကအဖွဲ့၊ဥပသကာအဖွဲ့၊ကျောင်အကျိုးတော်ဆောင် စသည့် အဖွဲ့ အစည်း (၆)ဖွဲ့ရှိပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင် ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကာလသား/သမီး စသည့်အဖွဲ့များဖြင့် ဘာသာရေး ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်နေကြပါသည်။

တပိုကျေးရွာတွင် ပက်မြန်မာအဖွဲ့မှ ငွေချေးလုပ်ငန်းများ ဆောင်ရွက် လျှက်ရှိပါသည်။ အတိုး(၂ကျပ်၂၀ပြား)ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြု၍

(၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေးပေး လျှက်ရှိပါသည်။ တပိုကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ကိစ္စများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ အဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျှက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တပိုကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၅၁၈.၂၅)ဧက တပိုကျေးရွာတွင် ၂.၅ဧကအောက် ဆင်းရဲသား တောင်သူ (၁၄)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၃၆) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၈) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၇)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံသီးနှံများကို အဓိက အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၁၂.၃၇%) ခန့်ရှိပါသည်။

တပိုကျေးရွာတွင် စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင် မိုးရေကို အဓိကအားထား စိုက်ပျိုးသော်လည်း ရေမြေရာသီဥတု အနေအထားအပေါ် မူတည်၍ အထွက်နှုန်း အနည်းငယ် အပြောင်းအလဲ ရှိနိုင်ပါသည်။ အထွက်နှုန်းတိုးမြင့်ရန်နှင့် အရည်အသွေး ကောင်းစပါးထွက်ကုန်များ ရရှိနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ နည်းပညာပံ့ပိုးမှုများ ရရှိအသုံးပြုနိုင်ခြင်း၊ သွင်းအား စုများ ထည့်သွင်းရန် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိနိုင်ခြင်းစသည့် အခွင့်အလမ်းများက စပါး တိုးမြှင့် ထုတ်လုပ်နိုင်ရန် အခြေအနေ ကောင်းများ ဖြစ်ပါသည်။

တပိုကျေးရွာတွင် စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် မိုးစပါးကိုသာ အသုံးပြုကြ ပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုနည်းသည့်အတွက် အခက်အခဲ အများကြီးမရှိပါ။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော မျိုးကောင်း မျိုးသန့်များ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းပညာဆိုင်ရာ ဟောပြော ဆွေးနွေးပွဲများ ချိတ်ဆက်ပြုလုပ်ရန် လိုအပ်နေပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

တပိုကျေးရွာတွင် စားကျက်မြေ အသင့်အတင့်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ

ဝယ်ယူရန် လက်လှမ်းမီခြင်း၊ ချေးငွေ အသင့်အတင့် ရရှိနိုင်ခြင်း၊ သွင်းအားစု များဝယ်ယူ နိုင်ခြင်း၊ မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများ လက်လှမ်း မီခြင်း၊ အိမ်ခြံဝင်း အတွင်း မွေးမြူရေးလုပ်ကိုင်ရန် နေရာများ လုံလောက်စွာ ရှိခြင်း ကလည်း ကျေးရွာရှိ အိမ်ထောင်စုများအတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ရှိနေပါသည်။

ရွာသူ/သားများသည် စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်လာနိုင်ရန် အခါမားလျော်စွာ နည်းပညာပေး သင်တန်းများ ၊ မျိုးကောင်းမျိုးသန့်များ၊ ချေးငွေ အလုံအလောက် ရရှိမည် ဆိုပါက တစ်ဖက် တစ်လမ်းမှ ဝင်ငွေတိုးမြှင့်လာနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တပိုကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။လမ်းပန်းဆက်သွယ်ရေး ကောင်း မွန်ခြင်း၊ လျှပ်စစ်မီး ရရှိနိုင်ခြင်း၊ အသေးစား လုပ်ငန်းများ အတွက် ဈေးကွက် အသိအမြင် အသင့်အတင့်ရှိခြင်း၊ ချေးငွေရနိုင်မှု အသင့်အတင့်ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစားအလတ်စား စီပွားရေးလုပ်ငန်းများအတွက် အသက်မွေးမှု ပြုနိုင်သည့် အခွင့် အလမ်းကောင်းများဟု ဆိုရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်း ကျောင်းလုပ်ငန်း အတွက် နည်းပညာဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေပါသည်။ချေးငွေ ရရှိသော်လည်း လိုအပ် သလောက် မရရှိပါ။

တပိုကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်း ပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူ နည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရှိသော်လည်း ပိုမိုကောင်းမွန်သော အလုပ်များနှင့် ဝင်ငွေ တိုးတက် စေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာ (အပ်ချုပ်/ အလှပြင်/ ဆိုင်ကယ်ပြင်/ ဇာထိုးပန်းထိုး) သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တပိုကျေးရွာတွင်လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည် ပေးဆပ်ရသည့် ချေးငွေကို ရရှိပါသည်။ ပက်မြန်မာအဖွဲ့မှ ငွေချေးလုပ်ငန်းများ ဆောင်ရွက် လျှက်ရှိပါသည်။ အတိုး(၂ကျပ်၂၀ပြား) ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြု၍ (၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေးပေး လျှက်ရှိပါသည်။

ထို့အကြောင့် ကျေးရွာအတွင်း အတိုးနှုန်းသက်သာပြီး မြစိမ်းရောင် ချေးငွေ စီမံကိန်း ချေးငွေ ရရှိမည်ဆိုပါက ကျေးရွာအတွင်း စီးပွါးရေးကောင်းမွန် လာမည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

တပိုကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ ကျောင်းသူ /သားများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်၊ကားတို့မှာ သွားလာရေး နှင့် စီးပွါးရေးကိစ္စတွင် အသုံးပြုကြပါသည်။ စက်ဘီးစီးရေမှာ (၂၁)စီး ၊ဆိုင်ကယ် (၁၃၀)စီး၊ သုံးဘီး၊ထော်လာကျီ(၁၀)စီး၊ မော်တော်ကား(၃)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိကအသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ တပိုကျေးရွာသည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ ကျေးရွာတွင်းလမ်း(၁၀၀၀ပေ-၁၀ပေ-၄လက်မ)အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။တပို-စံသာကျေးရွာချင်းဆက်လမ်း(၁.၅)မိုင်အား ဂဝံမြေသားလမ်း ပြုလုပ်ရန် လိုအပ်နေပါသည်။ တပို-ဆယ်အိမ်စု ကျေးရွာချင်းဆက်လမ်း(၁/၀)မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ရန် လိုအပ် နေပါသည်။သုဿာန်သွားလမ်း(၁၂၀၀)ပေအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြင့်တင်ရန် လိုအပ် နေပါသည်။တပိုကျေးရွာတွင် ကွန်ကရစ်တံတား(၁၂ပေ-၁၀ပေ) (၁)စင်း၊ ကွန်ကရစ်တံတား(၁၅ပေ-၁၂ပေ) (၁)စင်း တည်ဆောက်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

တပိုကျေးရွာတွင် အိမ်တိုင်းစွေနီးပါး(၂၄)နာရီမီး အသုံးပြုကြပြီး စီးပွားရေး မပြေ လည်သော အိမ်ထောင်စုများမှာ ဆီမီးခွက်၊ ဖယောင်းတိုင်များဖြင့် အသုံးပြု ကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တပိုကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၂၈၁) လုံး၊ ရေဒီယို(၁၀)လုံး၊ တီဗွီ(၆၀)လုံး၊ဂြိုလ်တုစလောင်း(၅၀)စသည်တို့မှ ရရှိ ပါသည်။ တပိုကျေး ရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ အိမ်တိုင်းစွေနီးပါး ဖုန်း၊ ရေဒီယိုများ မှတဆင့် သတင်းအချက် အလက်များ ရရှိနေပြီး အချို့အိမ်ထောင်စုများတွင် ဂြိုလ်တုစလောင်း များပင် အသုံးပြုနိုင်ကြပါသည်။

၆။ ပညာရေး

တပိုကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင် (၉၀'x၃၀'x၁၂') မှာ ကောင်းမွန်မှုရှိပြီး ကျောင်းသားဦရေများပြားလာခြင်း၊ မူကြိုကလေး များအတွက် သီးသန်းကျောင်းဆောင် လိုအပ်ခြင်းတို့ကြောင့် ကျောင်းဆောင် အသစ်(၁)ဆောင် တည်ဆောက်ရန် လိုအပ်နေပါသည်။ ကျောင်းသုံးပရိဘောများ ဖြည့်တင်း ရန် လိုအပ်နေပါသည်။ ကျောင်းခြံစည်းရိုး(၁၈၀၀)ပေမှာ အချိန်ကြာမြင့်၍ ဟောင်းနွမ်း ပျက်စီးနေပြီဖြစ်သည့်အတွက် အုတ်နံရံ အသစ်ပြန်ကာရံရန် လိုအပ်နေပါသည်။ မူလတန်း ပညာသင်ကြားရသော ကလေးများ အတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး အစိုးရခန့် ဆရာမ (၅) ဦးမှ ပညာသင်ကြား ပေးနေပါသည်။ အလယ်တန်း အဆင့်နှင့် အထက်တန်း ကျောင်းကို ပလကျေးရွာ၊ ဇရပ်ဆိပ်ကျေးရွာတို့တွင် ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် သွားရောက် တက်ရပါသည်။ကျောင်းအာဟာရ တိုက်ကျွေးမှုမှာလည်း လစဉ်ပုံမှန် ပြုလုပ်လျက် ရှိပါသည်။

တပိုကျေးရွာတွင် မူလတန်းကျောင်းတွင် ဆရာ/ဆရာမလုံလောက်ပြီး မူလတန်းကျောင်းထွက်နှုန်း မရှိပါ သို့သော်လည်း(၄)တန်းအောင်ပြီးသည့် ကျောင်းသူ/သား များသည် (၁)မိုင်ခန့် ဝေးသည့် ဇရပ်ဆိပ် အလယ်တန်းကျောင်းသို့ ခြေလျင်(သို့) ဆိုင်ကယ်ဖြင့် ကျောင်း တက်နေရပါသည်။ အထက်တန်းကျောင်းကို (၃)မိုင်ခန့် ဝေးကွာ သည့် ပလကျေးရွာ အထက်တန်း ကျောင်းသို့ တက်ရောက်ရသဖြင့် တချို့ကျောင်း သား/သူများသည် မိဘများကြိုပို့ မလုပ်နိုင် သောကြောင့် ကျောင်းထွက်နှုန်း များပါသည်။ ကျောင်းအကျိုးတော် ဆောင်အသင်းမှာလည်း ပညာရေးကဏ္ဍအတွက် ပံ့ပိုးလုပ် ဆောင်မှု အသင့်အတင့်သာ ရှိပါသည်။ ပညာရေးတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများအတွက် အခက်အခဲမရှိ ကျောင်းတက်ခွင့် ရရှိနေပါသည်။

တပိုကျေးရွာတွင် စာမတတ်သူ ဦးရေ(၀.၄%)ရှိပြီး ကျေးရွာလူဦးရေ၏ (၈၆.၄%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်းအဆင့်အထိ တတ်မြောက်သူ (၂၇.၃%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၄.၄%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေမှာလည်း(၃.၇%) အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှုတိုးတက် လာသော ကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း

များတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တပိုကျေးရွာ၏ အဖြစ်များသော ရောဂါများမှာ ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကျန်းမာရေး ဗဟုသုတ နည်းပါးခြင်းကြောင့် အနည်းငယ် ဖြစ်ပွါး လေ့ရှိပါသည်။ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ (ဘီ၊ စီ) စသည်တို့လည်း ဖြစ်ပွားမှု အနည်းငယ်ရှိသဖြင့် အစားအသောက်ဆိုင်ရာ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။တပိုကျေးရွာတွင် ကျေးလက် ဆေး ပေးခန်းမရှိပါ။ ဇရပ်ဆိပ် ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာအရောက် နှစ်စဉ်နှစ်တိုင်း လိုအပ်သည့် ကာကွယ်ဆေးများ အား လာရောက်ထိုးနှံပေးခဲ့ပါသည်။

တပိုကျေးရွာနှင့် တစ်မိုင်ခန့်ဝေးသော ဇရပ်ဆိပ်ကျေးရွာရှိ ကျေးလက်ကျန်းမာ ရေးဌာနတွင် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများကို ကုသနိုင်ပါသည်။ အရေးပေါ်လူ နာများကို ပလတိုက်နယ်ဆေးရုံနှင့် ပုလောမြို့နယ် ပြည်သူ့ ဆေးရုံတို့တွင် ကုသကြပါသည်။ လမ်းခရီး အဆင်ပြေသဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။

တပိုကျေးရွာတွင် မြစ်/ချောင်း၊ လက်တူးတွင်းတို့မှ သောက်သုံးရေကို အသုံးပြု၍ အဆင်ပြေကြသော်လည်း ရေတံခွန်မှ အိမ်တိုင်ရာရောက် စိမ့်စမ်းရေ ရေသွယ်တန်း ခြင်းစနစ်ကို ဆောင်ရွက်မည်ဆိုပါက လူနေမှု အဆင့်အတန်း မြှင့်မားလာ မည်ဖြစ်ပါသည်။ ထိုကြောင့် စိမ့်စမ်းရေသွယ်တန်းခြင်း (၂.၅)မိုင် ပြုလုပ်ရန် လိုအပ်နေပါသည်။

တပိုကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာများ ကို အိမ်တိုင်းစေ့နီးပါး အသုံးပြုကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တပိုကျေးရွာ၏ နွားချေးမြေဩဇာကို ပြန်လည်ဖြည့်တင်းမှု မရှိတော့သည်မှာ ကာလကြမြင့်ခဲ့သည့်အပြင် တစ်နှစ်ကို စပါးနှစ်သီးစိုက်ပျိုးခြင်း၊အထွက်ကောင်း စပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့် ဓာတုမြေဩဇာသုံးစွဲလာမှု မြင့်မားသည့်အတွက် နောင်တချိန်တွင် မြေဆီလွှာပျက်စီးမှုများဖြစ်ပေါ်လာနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစား အလိုက် ပြန်လည်

အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦး ရွက်ပြု နိုင် မည့် ကျေးရွာတွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့အစည်း များမှ လုပ်ငန်းစဉ် အဆင့်ဆင့်အား ကျေးရွာသူ/ ကျေးရွာသားများ ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တပိုကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြသဖြင့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၁၀။ ဧရပ်ဆိပ်ကျေးရွာအုပ်စု၊ တပိုကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဦးစားပေးအဆင့်	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းအလမ်း(၁၀၀၀'-၁၀'-၄")ပေအား ကွန်ကရစ်လမ်းခင်းခြင်း	ပထမ	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	တပို-ဆယ်အိမ်စု ကျေးရွာချင်းဆက်လမ်း (၁) မိုင်အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း	ဒုတိယ	
၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	တပို-စံသာ ကျေးရွာချင်းဆက်လမ်း (၁.၅) မိုင်အား ဂဝံမြေသာလမ်းအဖြစ် ပြုပြင်ခြင်း	တတိယ	
၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	သုဿန်သို့သွားလမ်း (၁၂၀၀) ပေအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း		
၅	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ကွန်ကရစ်တံတား (၁၂ ပေ - ၁၀ ပေ) တစ်စင်း တည်ဆောက်ခြင်း		
၆	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ကွန်ကရစ်တံတား (၁၅ ပေ - ၁၂ ပေ) တစ်စင်း တည်ဆောက်ခြင်း		
၇	အခြေခံအဆောက်အဦ	ကျေးလက်ရေပေးရေး	သောက်သုံးရေ	စိမ့်စမ်းရေသွယ်တန်းခြင်း(၂.၅)မိုင်		
၈	ကျန်းမာရေး	အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် ကျန်းမာရေး ဝန်ဆောင်မှု	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးခြင်း		
၉	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်ဆည်းခြင်း		
၁၀	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဆောင်(၁)ဆောင် တည်ဆောက်ခြင်း		

၁၁	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး (၁၈၀၀)ပေ ကာရံခြင်း		
၁၂	ငွေကြေး	အသေးစားငွေကြေးဝန်ဆောင်မှု	အသေးစား	အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေရရှိရန် ချိတ်ဆက်ခြင်း(စိုက်ပျိုး/မွေးမြူရေးမဟုတ်သော)		
၁၃	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ	နည်းပညာ	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း		
၁၄	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	အမျိုးသမီး	အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာတရားဥပဒေ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း		
၁၅	မွေးမြူရေး နှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	တိရိစ္ဆာန် မွေးမြူရေး	တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း		
၁၆	မွေးမြူရေး နှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	မွေးမြူရေးနှင့် ကုသရေးပညာပေး၊နည်းပညာ ပြန့်ပွါးရေး	နည်းပညာ	မွေးမြူရေးဆိုင်ရာနည်းပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်းခြင်း		
၁၇	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား အလတ်စားစီးပွါးရေး လုပ်ငန်းများဆိုင်ရာ	အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စားနှင့် အကြီးစား လုပ်ငန်းဆိုင်ရာများ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်းသင်တန်းများ (အပ်ချုပ်/အလှပြင်/ ဆိုင်ကယ်ပြင်/ ဖာထိုးပန်းထိုး) ပြုလုပ်ပေးခြင်း		
၁၈	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး	လူငယ်အခွင့်အလမ်း	မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေးနှင့် စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ပေးခြင်း		
၁၉	အုပ်ချုပ်ရေးနှင့်စီမံ ခန့်ခွဲရေး	ခေါင်းဆောင်မှုသင်တန်း	အုပ်ချုပ်ရေးနှင့်စီမံ ခန့်ခွဲရေး	အဖွဲ့ငယ်များအားစီမံခန့်ခွဲမှု ၊ခေါင်းဆောင်မှု၊ စာရင်းကိုင်သင်တန်းများ လိုအပ်ခြင်း		
၂၀	သဘာဝသယံဇာတနှင့်	အသိပညာပေးဆွေးနွေးပွဲ	သဘာဝဘေးလျော့ချရေး:	သဘာဝပတ်ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ		

	သဘာဝပတ်ဝန်းကျင်			အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း		
၂၁	သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	အသိပညာပေးဆွေးနွေးပွဲ	အညစ်အကြေး	အမှိုက်စွန့်ပစ်ရေးစနစ်ကျစေရန် အသိပညာပေးလုပ်ဆောင်ခြင်း		

နောက်ဆက်တွဲ (၁)

တပိုကျေးရွာ၊ ဇရပ်ဆိပ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်နိုင်	ဦးညွှန့်တင်	ဖ/ပလန(နိုင်)၀၃၈၁၃၄	၄၀	ဥက္ကဋ္ဌ	09780080154
၂	ဦးစန်းနိုင်	ဦးညွှန့်တင်	ဖ/ပလန(နိုင်)၀၉၄၈၉၈	၃၁	အတွင်းရေးမှူး	09788613597
၃	ဦးမင်းသူ	ဦးလှစိုး	ဖ/ပလန(နိုင်)၀၆၈၈၉၆	၃၅	ဘဏ္ဍာရေးမှူး	09781508619
၄	ဒေါ်အေးမော်	ဦးကြည်ရှိန်	ဖ/ပလန(နိုင်)၀၄၆၄၂၉	၃၇	စာရင်းကိုင်	09253882212
၅	ဒေါ်စန္ဒာဖြိုး	ဦးတင်မြင့်	ဖ/ပလန(နိုင်)၀၉၃၉၆၀	၂၄	စာရင်းစစ်	-
၆	ဦးသန်းဇော်	ဦးတင်ဖေ	ဖ/ပလန(နိုင်)၀၄၆၄၀၈	၃၆	အဖွဲ့ဝင်	09455845293
၇	ဦးအောင်ထွန်း	ဦးလှဝင်း	ဖ/ပလန(နိုင်)၀၁၀၇၇၂	၂၈	အဖွဲ့ဝင်	09451071433
၈	ဦးသန်းနိုင်	ဦးချစ်သန်း	ဖ/ပလန(နိုင်)၀၃၈၁၅၄	၄၃	အဖွဲ့ဝင်	-
၉	ဦးချစ်စိန်	ဦးဘကွယ်	ဖ/ပလန(နိုင်)၀၃၈၆၃၁	၄၃	အဖွဲ့ဝင်	-
၁၀	ဦးဘကျင်	ဦး:နောင်ဘု	ဖ/ပလန(နိုင်)၀၃၇၉၄၈	၄၅	အဖွဲ့ဝင်	-
၁၁	ဦးတင့်နိုင်	ဦးကြည်လွင်	-	၄၈	နာယက	-
၁၂	ဦးဖိုးဇော်	ဦးနောင်စု	ဖ/ပလန(နိုင်)၀၃၈၁၁၇	၄၆	ရပ်မိရပ်ဖ	-

၁၃	ဦးသန်းလွင်	ဦးဖိုးကြီး	-	၅၀	ရပ်မိရပ်ဖ	-
၁၄	ဦးရဲမြင့်	ဦးချစ်သန်း	၆/ပလန(နိုင်)၀၁၂၁၄၂	၅၅	ရပ်မိရပ်ဖ	09781918152

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၈	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၆	၁၆	၄၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၂	၂၃	၅၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၃	၃၄	၆၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၈	၁၆၈	၃၄၆
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၈	၁၁	၁၉
စုစုပေါင်း		**၂၈၄**	**၂၆၀**	**၅၄၄**
စုစုပေါင်း အိမ်ထောင်စု		**၉၇**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီးအိမ်ထောင်စု (၉၇) စု၊ လူဦးရေ (၅၄၄) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၇%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၇.၇%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၁%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၂.၃၁%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၄၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၆.၃၉)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၇၈) ဦး၊ မ (၁၆၈) ဦး စုစုပေါင်း (၃၄၆) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၆၃.၆)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၆၀) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုမိုနေပါ သည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိကဝင်ငွေရလုပ်ငန	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	နှုန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၇	၅၉	၆၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၁	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	၃	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၄	၁၀	မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၈	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၅	၂၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	၂	၄	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၅	၅	၇	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၃၁	၅၂	၁၂၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၉၇	၈၁	၂၄၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် ဥယျာဉ်ခြံနှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ်လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ ဝက်မွေးမြူရေးကို တနိုင်တပိုင်စီးပွားဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စု (၁၀)စု ရှိပြီး တစ်ပိုင်တစ်နိုင်အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြပြီး ကွမ်းသီးခြောက်၊ ရာဘာဝယ်ယူရေးဒိုင် အဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စုများရှိပါသည်။ ကျောင်းဆရာမ၊ ထွေ/အုပ်၊ရဲ၊စစ်သားများအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု အနေဖြင့် ဆံပင်ညှပ်ဆိုင်(၁)ဆိုင်၊ အပ်ချုပ်စက်(၈)အိမ် လုပ်ကိုင်နေကြပါသည်။အသက်မွေးဝမ်းကျောင်းတတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်းဖြစ်ပါသည်။

ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၆၀၀၀	၄၅၀၀	၅၀၀၀	၄၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၆၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် ကျဘမ်းအလုပ်သမားများ ပေါများပြီးလက်သမား၊ ပန်းရံအလုပ်သမားအနည်းငယ်ရှိပါသည်။လုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခကအနည်းငယ် ပို များသည်။ ၄င်းအပြင် နိုင်ငံခြားသွားလာသူအရေအတွက် များကြောင်း တွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၃	ကောင်း ☐	သင့်Â	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၁၈.၂၅	ကောင်း ☐	သင့်Â	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်္ဂ်☐	ညံ့ ☐
မြေလွတ် မြေလပ်	၁၀	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၅၄၁.၂၅**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် လယ်ယာမြေအနည်းငယ်ရှိပြီး မိုးစပါးကို အဓိကစိုက်ပျိုးကြပါသည်။မြေဆီမြေသားများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဥယျာဉ်ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိÂ	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်Â နည်း☐ မရှိ☐	လွယ်☐ ခက်Â အသုံးမပြုနိုင်ပါ Â
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်းÂ မရှိ☐	လွယ်Â ခက်Â အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိÂ	☒

ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များ အသင့်အတင့်ထွက်ရှိပါသည်။ သဘာဝ အပင်မျိုးစိတ်များ ဖြစ်သော(ရှောက်၊ဂျာမနီ၊ လောက်သေး၊ စေးချောက်)စသည့် ဆေးဖက်ဝင် အပင်များပေါက်ရောက်နေပါသည်။.

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၂၉	၄၃	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၅.၁၅%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၂၉.၉၀%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____၈_____ လုပ်အားခကြိုယူ = _____၂_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၅_____ လုပ်အားခကြိုယူ = ___၃_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။တပိုကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စုစုစုပေါင်း၏(၃၀%)စစ်တမ်းကောက်ယူမှုအရ (၃)လအောက် ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု(၁၀) မှာ ချေးငှါး၊ လုပ်အားခကြိုတင်ယူကြပြီး မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းကြပါသည်။ (၃လ)နှင့် (၆)လကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၈)မှာ မိသားစုစားဝတ်နေရေး၊ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးအတွက် ချေးငှါး၊ လုပ်အားခကြိုတင်ယူကြပါသည်။(၆)လနှင့်(၁၂)လအထက် ဝမ်းစာဖူလုံမှု အိမ်ထောင်စုမှာ (၂)မှာ မိသားစုစားဝတ်နေရေး၊ကျန်းမာရေး၊အလုပ်အကိုင်ရရှိရေးအတွက် ချေးငှါးကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၃		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲ သည့်

အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။အခြားဒေသများသို့ ကြာမြင့်သွာသွားရောကလုပ်ကိုင်နေသူအနည်းငယ်ရှိပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ် Â	နိမ့် □	မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် Â	လတ် □	နိမ့်□	မရှိ □
၃	ရေကြီးခြင်း	မြင့် □	လတ် □	နိမ့်Â	မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်Â	မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်Â	မရှိ □
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်Â	မရှိ □
၇	ငလျင်	မြင့် □	လတ် □	နိမ့်Â	မရှိ □
၈	မီးဘေး	မြင့် □	လတ် □	နိမ့်Â	မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □	လတ် Â	နိမ့်□	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □	လတ် □	နိမ့်□	မရှိ Â

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာ ဖြစ်ပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □ လတ် □ နိမ့်Â မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □ လတ် □ နိမ့်Â မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □ လတ် □ နိမ့်Â မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု	မြင့် □ လတ် □ နိမ့် □ မရှိ Â
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □ လတ် □ နိမ့် □ မရှိ Â
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □ လတ် □ နိမ့်□ မရှိ Â
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □ လတ် Â နိမ့်□ မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တပိုကျေးရွာတွင် ကျဘမ်းလုပ်သားများ များသော်လည်း စည်းလုံးညီညွတ်သောကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဝိုင်းဝန်းဖြေရှင်း ကြသောကြောင့် ထိခိုက်မှုနည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁Â ၂Â ၃Â	၄	–	၄	ပညာရေး Â ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း ☐ သင့် Â ညံ့ ☐
၂	ဆယ်အိမ်ခေါင်း	၁☐ ၂Â ၃Â	၂	-	၄	ပညာရေး Â ငွေကြေး Â ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း ☐ သင့် Â ညံ့ ☐
၃	ဂေါပက	၁☐ ၂☐ ၃Â	၃	၆	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် Â ညံ့ ☐
၄	ကျောင်းအကျိုးတော်ဆောင်	၁☐ ၂☐ ၃Â	၂	၄	၆	ပညာရေး Â ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် Â ညံ့ ☐
